# သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမပိုင်း အစီအစဉ်



## သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော

## ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး

## ပထမပိုင်း အစီအစဉ်

## [ ၂၃-၃- ၂၀၁၈ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ က ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမပိုင်း အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမပိုင်း အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေးမတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ဒုတိယသမ္မတလောင်းအဆိုပြုခြင်း၊ ထောက်ခံခြင်းနှင့် အဆိုပြုလွှာကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ထံ တင်ပြခြင်း၊

၆။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပြုလွှာဖြင့် တင်ပြသော ဒုတိယသမ္မတလောင်းများ အမည်စာရင်းကို ကြေညာခြင်း၊

၇။ နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံခြင်း ရှိ မရှိ စိစစ်နိုင်ရန် စိစစ်ရေး အဖွဲ့တွင် ပါဝင်မည့် ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦး ရွေးချယ်ခြင်း၊

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမပိုင်း ရပ်နားကြောင်းနှင့် အစုအဖွဲ့အစည်းအဝေး ဒုတိယပိုင်း ဆက်လက် ကျင်းပမည့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့**

**အစည်းအဝေး ပထမပိုင်းမှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်**

**(၂၀၁၈ ခုနှစ်၊ မတ်လ ၂၃ ရက်)**

**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမပိုင်းအစီအစဉ် စတင်ပါတော့မယ်။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေ ၇ အရ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေး ပထမပိုင်းမှာ ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ကျွန်တော် ဦးတင်ဝင်းအောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်မှာဖြစ်ပါတယ်။

ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့၏ ဒုတိယသမ္မတရွေးချယ်တင်မြှောက်ပွဲကို နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေ ၇ အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြီးကြပ်ကွပ်ကဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မူကြမ်း

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမပိုင်းမှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၃၂၃ ဦးရှိပြီး အစည်းအဝေးကို ၃၀၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ ၉၅.၀၅ ရာခိုင်နှုန်းရှိပြီး ထက်ဝက်ကျော်ဦးရေ တက်ရောက်တဲ့အတွက် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမပိုင်းအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။ လွှတ်တော်အခွင့်အရေးကော်မတီက တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမပိုင်းသို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၃၂၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၀၇ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၆ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ရွေးကောက်ခံကိုယ်စားလှယ်များကတော့-

(၁) ရေဖြူမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး အစည်းအဝေးပြီးဆုံးသည်ထိ၊

(၂) မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအောင် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၃) ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ခွင့် ၁ ရက်၊

(၄) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဦးဇေယျာသော် ခွင့် ၁ ရက်၊

(၅) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၆) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး အစည်းအဝေးပြီးဆုံးသည်ထိ၊

(၇) မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၈) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၁ ရက်၊

(၉) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၁၀) မောင်တောမဲဆန္ဒနယ်မှ ဦးလှထွန်းကျော် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၁၁) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော အစည်းအဝေးပြီးဆုံးသည်ထိ၊

(၁၂) အမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမောင် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၁၃) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၁၄) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၁ ရက်၊

(၁၅) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၁ ရက်နှင့်

(၁၆) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၁ ရက် တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ၏မရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန်လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၂၃ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၆ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၁၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁ နည်းဥပဒေခွဲ(ဂ)အရ လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြု မှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယသမ္မတလောင်းအဆိုပြုခြင်း၊ ထောက်ခံခြင်းနှင့် အဆိုပြုလွှာကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတ များ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၄ ပုဒ်မခွဲ(ဂ)အရ ဒုတိယသမ္မတတစ်ဦးကို လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲကဖြစ်စေ ရွေးချယ်တင်မြှောက်ရမှာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက် ခြင်းဆိုင်ရာနည်းဥပဒေ ၉ အရ ဒုတိယသမ္မတတစ်ဦးကို တစ်ဦးချင်းအဆိုပြုလိုတဲ့ လွှတ်တော် ကိုယ်စားလှယ်များကလည်းကောင်း၊ စုပေါင်း၍ အဆိုပြုလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကလည်းကောင်း အဆိုတင်သွင်းပြီး ကျန်လွှတ်တော်ကိုယ်စားလှယ် များအနက်မှ တစ်ဦးစီက သက်ဆိုင်ရာအဆိုအသီးသီးကို ထောက်ခံရမှာဖြစ်ပါတယ်။ မိမိတို့နေရာမှာပဲ

မိုက်ကိုအသုံးပြုပြီးတော့ အဆိုပြုထောက်ခံကြဖို့ ဖြစ်ပါတယ်။ ယခု အဆိုတင်သွင်းထောက်ခံမှုပြုနိုင်ကြပါပြီ။

**ဒေါက်တာဒေါ်မေဝင်းမြင့်(မရမ်းကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်မေဝင်းမြင့် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမဲဆန္ဒနယ်မှ ဦးဝင်းမြင့် အား အဆိုပြုတင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ထောက်ခံမယ့်ပုဂ္ဂိုလ် ထောက်ခံပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်စိုး(သရက်ချောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်ရဲ့ ဒုတိယသမ္မတလောင်းအဖြစ် မရမ်းကုန်းမဲဆန္ဒနယ်မှတင်သွင်းသည့် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့် အား တင်သွင်းခြင်းကို တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမဲဆန္ဒနယ်မှ ကျွန်တော် ဦးအောင်စိုး က ထောက်ခံကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဦးလှဋ္ဌေးဝင်း(ဇေယျာသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဇေယျာသီရိမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှဋ္ဌေးဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒုတိယသမ္မတလောင်းအတွက် ပျော်ဘွယ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးရဲ့ အမည်စာရင်းကို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဒေါက်တာမောင်သင်း(မိတ္ထီလာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မိတ္ထီလာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဇေယျာသီရိမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှဋ္ဌေးဝင်းက ဒုတိယသမ္မတလောင်းအဖြစ် အဆိုတင်သွင်းသည့် ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အား အလေးအနက်ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်က အဆိုပြုလွှာပုံစံ(၁)များကို ကြိုတင်ထုတ်ပေးပြီး ဖြစ်ပါတယ်။

ကြိုတင်ထုတ်ယူထားတဲ့ ဒုတိယသမ္မတလောင်း အဆိုပြုပုံစံ(၁)ကို အချက်အလက်များပြည့်စုံစွာ ဖြည့်သွင်းပြီးပါက အခမ်းအနားမှူးမှတစ်ဆင့် ကျွန်တော့်ထံ တင်ပြဖို့ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အဆိုပြုလွှာပုံစံ(၁)ကို လာရောက်ပေးကြဖို့ ဖိတ်ခေါ်ပါတယ်။

[ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့များ အဆိုပြုလွှာများ တင်ပြကြပါသည်။]

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပြုလွှာဖြင့် တင်ပြသော ဒုတိယသမ္မတလောင်းများ အမည်စာရင်းကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယသမ္မတလောင်းအဆိုပြုလွှာပုံစံထုတ်ယူတဲ့အရေအတွက်ဟာ နှစ်စောင်ဖြစ်ပြီး ပြန်လည်တင်သွင်းတဲ့အရေအတွက်ဟာ နှစ်စောင်ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယသမ္မတလောင်းအမည်စာရင်း အဆိုပြုလွှာ တင်သွင်းရာမှာ -

(၁) ဦးဝင်းမြင့်၊ တာမွေမဲဆန္ဒနယ်ကို ဒေါက်တာဒေါ်မေဝင်းမြင့်၊ မရမ်းကုန်းမဲဆန္ဒနယ်က အဆိုတင်သွင်းပြီး ဦးအောင်စိုး၊ သရက်ချောင်းမဲဆန္ဒနယ်က ထောက်ခံတင်ပြထားပါတယ်။

(၂) ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ်ကို ဦးလှဌေးဝင်း၊ ဇေယျာသီရိမဲဆန္ဒနယ်က အဆိုတင်သွင်းပြီး ဒေါက်တာမောင်သင်း၊ မိတ္ထီလာမဲဆန္ဒနယ်က ထောက်ခံတင်ပြထားပါတယ်။

ဒါ့ကြောင့် အဆိုပြုလွှာပုံစံ(၁)များနှင့် တင်ပြလာတဲ့ ဒုတိယသမ္မတလောင်းအမည်စာရင်းကို အက္ခရာစဉ်အလိုက် ကြေညာပါ့မယ် -

| | | |
|---|---|---|
| (၁) | ဦးဝင်းမြင့် | တာမွေမဲဆန္ဒနယ်၊ |
| (၂) | ဦးသောင်းအေး | ပျော်ဘွယ်မဲဆန္ဒနယ် တို့ဖြစ်ပါတယ်။ |

## နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံခြင်းရှိ/မရှိ စိစစ်နိုင်ရန် စိစစ်ရေးအဖွဲ့တွင် ပါဝင်မည့်ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦး ရွေးချယ်ခြင်း

**ဥက္ကဋ္ဌ**။ ။ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယသမ္မတတစ်ဦးရွေးချယ်တင်မြှောက်ပြီးတဲ့ အခါ ရွေးချယ်တင်မြှောက်လိုက်တဲ့ဒုတိယသမ္မတအား နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၃ ပါအရည်အချင်းနှင့်ပြည့်စုံမှုရှိ/မရှိ စိစစ်နိုင်ဖို့ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေ ၂၆ အရ စိစစ်ရေးအဖွဲ့ ဖွဲ့စည်းပြီး နည်းဥပဒေ ၂၇ အရစိစစ်မှာဖြစ်ပါတယ်။ နည်းဥပဒေ ၂၆ အရ စိစစ်ရေးအဖွဲ့ ဖွဲ့စည်းရာမှာ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ရွေးချယ်ပေးတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ပါဝင်ရမှာဖြစ်ပါတယ်။ ဒါကြောင့် ရွေးကောက်ခံ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က မိမိတို့အထဲမှ ကိုယ်စားလှယ်တစ်ဦးဦးကို ရွေးချယ်ပေးရမှာ ဖြစ်ပါတယ်။ ဒီလိုရွေးချယ်ဖို့အတွက် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အခြား ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းပြီး ကျန်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဖို့ဖြစ်ပါတယ်။ ကိုယ်စားလှယ်များအနေနဲ့ မိမိတို့ရဲ့လက်ရှိနေရာမှာပဲ မိုက်ကိုအသုံးပြုပြီးတော့ အဆိုပြုထောက်ခံကြ ဖို့ ဖြစ်ပါတယ်။ အဆိုတင်သွင်းဖို့နဲ့ ထောက်ခံဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးတင်ထွန်းနိုင်(ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်)**။ ။ လေးစားရတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီး/ခနောင်တို မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်းနိုင် ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသောအရည်အချင်းများနဲ့ ပြည့်စုံခြင်းရှိ/မရှိ စိစစ်နိုင်ရန် စိစစ်ရေးအဖွဲ့တွင်ပါဝင်မည့် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမဲဆန္ဒနယ်မှ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်အား ကျွန်တော့်အနေနဲ့ အဆိုပြု တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ထောက်ခံဖို့ဖိတ်ခေါ်ပါတယ်။

**ဦးအေးနိုင်[ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်]**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဦးအေးနိုင် ဖြစ်ပါတယ်။ ဦးတင်ထွန်းနိုင်၊ ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ အဆိုပြု တင်သွင်းသော ဒေါ်ခင်စန်းလှိုင်၊ ပုလဲမဲဆန္ဒနယ်ကို ထောက်ခံပါတယ်ခင်ဗျား။

**ဦးစိုင်းကျော်မိုး(မိုင်းပန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ မိုင်းပန်မဲဆန္ဒနယ်က ဦးစိုင်းကျော်မိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားတဲ့အရည်အချင်းများနှင့် ပြည့်စုံခြင်းရှိ/မရှိစိစစ်နိုင်ရေး အတွက် ရှမ်းပြည်နယ်၊ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်းအား အမည်စာရင်း တင်သွင်း ပါကြောင်း အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။

**ဦးခင်မောင်သီ(လှိုင်လင်မဲဆန္ဒနယ်)**။ ။ အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ လှိုင်လင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ ဖြစ်ပါတယ်။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးစိုင်းကျော်မိုး၊ မိုင်းပန်မဲဆန္ဒနယ်က တင်သွင်းတဲ့ နိုင်ငံတော်ဒုတိယ သမ္မတလောင်း စိစစ်ရေးအဖွဲ့မှာပါဝင်မယ့် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်တဲ့ မောက်မယ်မဲဆန္ဒနယ်က ဦးစိုင်းဝေါင်းဆိုင်ဟိန်းကို ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော် သမ္မတအရည်အချင်းနှင့် ပြည့်စုံမှုရှိ/မရှိ စိစစ်ရေးအဖွဲ့ဝင်အဖြစ် ရွေးချယ်ရန် အဆိုပြုတင်သွင်း ရာမှာ-

(၁) ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)ကို ဦးတင်ထွန်းနိုင်(ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်)က အဆိုပြုတင်သွင်းပြီး ဦးအေးနိုင် [ဒဂုံမြို့သစ် (တောင်ပိုင်း)]မဲဆန္ဒနယ်က ထောက်ခံထားပါတယ်။

(၂) ဒို့အပြင် ဦးစိုင်းဝေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)ကို ဦးစိုင်းကျော်မိုး (မိုင်းပန် မဲဆန္ဒနယ်)က အဆိုတင်သွင်းပြီး ဦးခင်မောင်သီ(လှိုင်လင် မဲဆန္ဒနယ်)က ထောက်ခံ ထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော် သမ္မတအရည်အချင်းနှင့် ပြည့်စုံမှုရှိ/မရှိ စိစစ်ရေးအဖွဲ့ဝင်အဖြစ် အမည်စာရင်း တင်သွင်းခံရသူကို အက္ခရာစဉ်အလိုက် ကြေညာပါ့မယ် -

(၁) ဒေါ်ခင်စန်းလှိုင် ပုလဲမဲဆန္ဒနယ်

(၂) ဦးစိုင်းငေါင်းဆိုင်ဟိန်း မောက်မယ်မဲဆန္ဒနယ် တို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမည်စာရင်း တင်သွင်းခံရသူ တစ်ဦးထက်ပိုတဲ့အတွက် နိုင်ငံတော် သမ္မတအရည်အချင်းနှင့် ပြည့်စုံမှုရှိ/မရှိ စိစစ်ရေးအဖွဲ့ဝင်အဖြစ် တင်မြှောက်နိုင်ရန် စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်ဆန္ဒမဲပြုသည့် နည်းလမ်း နှင့်အညီ ဆောင်ရွက်မှာဖြစ်ပါတယ်။ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်ဆန္ဒမဲပေးရာမှာ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌရွေးကောက်တင်မြှောက်စဉ်က ဆောင်ရွက်ခဲ့တဲ့ နည်းလမ်းအတိုင်း ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးတဲ့အခါမှာ အစိမ်းရောင်အချက်ပြမီးတန်း မှိတ်တုတ်၊ မှိတ်တုတ်ပေါ်လာမှသာ ခလုတ်နှိပ်ကြရန် အသိပေးအပ်ပါတယ်။ ယခု ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)ကို စိစစ်ရေးအဖွဲ့ဝင် အဖြစ် တင်မြှောက်ဖို့အတွက် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ခင်စန်းလှိုင်၊ ပုလဲမဲဆန္ဒနယ်အတွက် ထောက်ခံဆန္ဒမဲ ၂၇၁ မဲ၊ ကန့်ကွက် ဆန္ဒမဲ ၃၀ မဲ၊ ကြားနေဆန္ဒမဲ ၁ မဲ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ယခု ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ မောက်မယ်မဲဆန္ဒနယ်ကို စိစစ်ရေးအဖွဲ့ဝင်အဖြစ် တင်မြှောက်နိုင်ဖို့အတွက် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲ ပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ မောက်မယ်မဲဆန္ဒနယ်အတွက် ထောက်ခံဆန္ဒမဲ ၃၉ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၂၆၀ မဲ၊ ကြားနေဆန္ဒမဲ ၃ မဲ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စိစစ်ရေးအဖွဲ့ဝင် များအား ဆန္ဒမဲပေးလို့ပြီးပါပြီ။ တစ်ဦးချင်းရရှိတဲ့ ထောက်ခံဆန္ဒမဲ အများ၊ အနည်းအလိုက် အမည် စာရင်းကို ကြေညာပါမယ် -

- ဒေါ်ခင်စန်းလှိုင်၊ ပုလဲမဲဆန္ဒနယ်က ရရှိတဲ့ထောက်ခံမဲ ၂၇၁ မဲ၊
- ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ မောက်မယ်မဲဆန္ဒနယ်ရရှိတဲ့ ထောက်ခံဆန္ဒမဲ ၃၉ ဖြစ်ပါတယ်။

ဒါကြောင့် ထောက်ခံဆန္ဒမဲအများဆုံးရရှိတဲ့ ဒေါ်ခင်စန်းလှိုင်၊ ပုလဲမဲဆန္ဒနယ်အား နိုင်ငံတော် သမ္မတအရည်အချင်းနဲ့ပြည့်စုံမှုရှိ/မရှိ စိစစ်ရေးအဖွဲ့ဝင်အဖြစ် ရွေးချယ်ကြောင်း အတည်ပြုကြေညာ ပါတယ်။ (သြဘာသံများ)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမပိုင်းရပ်နားကြောင်းနှင့် အစုအဖွဲ့အစည်းအဝေး ဒုတိယပိုင်း ဆက်လက်ကျင်းပမည့်အချိန်ကို ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေ ၉ အရ ကျွန်တော်နှင့် ဒုတိယဥက္ကဋ္ဌတို့က ယခု တင်ပြထားတဲ့ ဒုတိယသမ္မတလောင်းအဆိုပြုလွှာကို စိစစ်နိုင်ဖို့နှင့် ဒုတိယသမ္မတလောင်းများ အမည်စာရင်းပြုစုနိုင်ဖို့ အစည်းအဝေးကို ခေတ္တရပ်နားမှာဖြစ်ပါတယ်။ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ဒုတိယပိုင်းကို နေ့လယ် (၁) နာရီမှာကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၃၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**[ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမပိုင်းကို ၁၀း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]**

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်